# သမ္မာသနညာဏ်

**ရူပသတ္တက** = ရုပ်တို့၌ နှလုံးသွင်းပုံ (၇)ပါး

(ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၅၃)

၁။ **အာဒါနနိက္ခေပတော** = အာဒါနနိက္ခေပနရှုနည်း

တစ်ဘဝအတွက် ပဋိသန္ဓေ၊ စုတိတို့ဖြင့် ပိုင်းခြား၍ ယခုဘဝရှိ ရုပ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ရှုခြင်းဖြစ်၏။

ရုပ်တရားတို့ကို ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ပျောက်ကွယ်ခြင်းကြောင့် အနိစ္စ၊
ထိုရုပ်တရားတို့ ကို ဖြစ်မှုပျက်မှုတို့က မပြတ်နှိပ်စက်ခြင်းကြောင့် ဒုက္ခ၊
ထိုရုပ်တရားတို့ကို အလိုအတိုင်း မဖြစ်ခြင်းကြောင့် အနတ္တ။

၂။ **ဝယောဝုဍ္ဎတ္ထင်္ဂမတော** = ဝယောဝုဍ္ဎတ္ထင်္ဂမရှုနည်း

အရွယ်ကြီးရင့်၍ ချုပ်ပျက်သော ရုပ်တရားတို့ကို အပိုင်းကြီး အပိုင်းငယ် အမျိုးမျိုးပိုင်းခြားပြီး လက္ခဏာရေးသုံးပါးရှုခြင်းဖြစ်၏။

သုံးပါးသက်ရွယ် ဆယ်ဒသက ပဥ္စကတည့် စတုက-တိ ဒွိနှင့် ဧက
သုံးဝဥတု ရတုခြောက်သွယ် လကွယ်လဆန်း ဒိဝန်း ရတ္တိ
ဆဗ္ဗိအခါ ကိရိယာဆ ဥဒ္ဓရဏ-က စသည်ခြောက်ခု
အစုစုဝယ် ဖြစ်မှုဥသုံ အလုံးစုံကား ရွှေ့တုံမဖြစ်
တစ်ဆစ်တစ်ရပ် တစ်စပ်တစ်သင်း နမ်းအိုးကင်းထက်
နမ်းစေ့ကျက်သို့ ကွဲပျက်ကျေမွ အနိစ္စသည် ဒုက္ခ အနတ္တချည်းပါတကား။

မဟာဝိသုဒ္ဓါရုံဆရာတော်

**သုံးပါးသက်ရွယ်။** ။ နှစ်တစ်ရာရှည်သည့်အသက်ကို အရွယ်အားဖြင့် ပိုင်းလျှင် (က) ပထမအရွယ် နှစ်(၃၀) (ခ) မဇ္ဈိမအရွယ် နှစ်(၄၀) (ဂ) ပစ္ဆိမအရွယ် နှစ် (၃၀)ဖြစ်၏။

**ဆယ်ဒသက ။** ။ နှစ်တစ်ရာကို (၁၀)နှစ်စီ ပိုင်းလျှင် ဆယ်စုပေါင်း ဆယ်ပုံရ၏။

**ပဥ္စကတည့် ။** ။ နှစ်တစ်ရာကို ငါးနှစ်စီပိုင်းလျှင် အစုပေါင်း (၂၀)ပုံရ၏။

**စတုက- တိ၊ ဒွိနှင့် ဧက။** ။နှစ်တစ်ရာကို လေးနှစ်စီပိုင်းလျှင် အစုပေါင်း (၂၅)ပုံ၊ သုံးနှစ်စီပိုင်းလျှင် အစုပေါင်း (၃၃)ပုံ၊ နှစ် နှစ်စီပိုင်းလျှင် အစုပေါင်း (၅၀)ပုံ၊ တစ်နှစ်ကို တစ်စုပိုင်းလျှင် အစုပေါင်း (၁၀၀)ပုံရ၏။

**သုံးဝဥတု။** ။ ဟေမန္တ= ဆောင်းဥတု၊ ဂိမှာန= နွေဥတု၊ ဝဿာန =မိုးဥတု။

**ရတုခြောက်သွယ်။** ။

တစ်နှစ်လျှင် တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်မှ ပြာသိုလ်လပြည့်အထိ (၂)လကို ဟေမန္တရတု၊
ပြာသိုလ်လပြည့်ကျော်(၁)ရက်မှ တပေါင်းလပြည့်အထိ (၂)လကို သိသိရရတု၊
တပေါင်းလပြည့်ကျော်(၁)ရက်မှ ကဆုန်လပြည့်အထိ (၂)လကို ဝသန္တရတု၊
ကဆုန်လပြည့်ကျော်(၁)ရက်မှ ဝါဆိုလပြည့်အထိ (၂)လကို ဂိမှရတု၊
ဝါဆိုလပြည့်ကျော်(၁)ရက်မှ တော်သလင်းလပြည့်အထိ (၂)လကို ဝဿာနရတု၊
တော်သလင်းလပြည့်ကျော်(၁)ရက်မှ တန်ဆောင်မုန်းလပြည့်အထိ (၂)လကို သရဒရတု ခေါ်၏။

**လကွယ် လဆန်း။** ။ တစ်လလျှင် လဆန်းပက္ခ၊ လဆုတ်ပက္ခ (၂)ခုစီရှိ၏။

**ဒိဝန်း ရတ္တိ**။ ။ တစ်ရက်လျှင် နေ့ညနှစ်ပိုင်းရှိ၏။

**ဆတ္ပိအခါ**။ ။ တစ်ရက်လျှင် နံနက်၊ နေ့လည်၊ ညနေ၊ ညဦး သန်းခေါင် မိုးလင်း(၆)ပိုင်းရှိ၏။

တနည်း။ ။အဘိက္ကမ = ရှေ့သို့သွားသောအခါ၊ ပဋိက္ကမ = နောက်သို့ဆုတ်သောအခါ၊
အာလောကန = တည့်တည့်ကြည့်သောအခါ၊ ဝိလောကန = ဘေးစောင်းငဲ့
ကြည့်သောအခါ၊ သမိဉ္ဇန = ဆန့်ထားသော လက်ခြေကို ကွေးသောအခါ၊
ပသာရဏ = ကွေးထားသော လက်ခြေကို ဆန့်သောအခါ။

**ဥဒ္ဓရဏ - က စသည့်ခြောက်ခု အစုစုဝယ်**
**ခြေတစ်လှမ်း၌ (၆)ပိုင်း။**

(က) ဥဒ္ဓရဏ = ကြွခိုက်၊ (တေဇော ဝါယောဓာတ်တို့ လွန်ကဲထင်ရှား၏)

(ခ) အတိဟရဏ = တစ်ဖက်ခြေဆီသို့ ရောက်အောင် ဆွဲဆောင်ခိုက်၊(တေဇော၊ ဝါယော) (မူလဋ္ဌိ၊ မဟာဋ္ဌိ)၊ လှမ်းခိုက် (အဋ္ဌကထာ)

(ဂ) ဝီတိဟရဏ = တစ်ဖက်ခြေကို လွန်၍ ရှေ့သို့လှမ်းခိုက်၊ (တေဇော၊ ဝါယော)(မူလဋ္ဌိ၊ မဟာဋ္ဌိ)၊ ဆူးငြောင့်စသည်မှ ရှောင်ဖယ်ခိုက်၊ (အဋ္ဌကထာ)

(ဃ) ဝေါဿဇ္ဇန = ခြေကို အောက်သို့လွှတ်လျှော့ချခြင်းအခိုက်၊ (အာပေါ၊ ပထဝီ)

(င) သန္နိက္ခေပန = မြေပေါ်မှာ ခြေချမိသောအခိုက်၊ (အာပေါ၊ ပထဝီ)

(စ) သန္နိရုမ္ဘန = ဖိ၍ နင်းခိုက်၊ (အာပေါ၊ ပထဝီ)

ဤ (၆)ပိုင်းတို့တွင် ကြွခိုက် ရုပ်သဘာဝသည် ဆွဲဆောင်ခိုက်သို့ မရောက်၊ ဆွဲဆောင်ခိုက် ရုပ်သဘာဝသည် လှမ်းခိုက်သို့ မရောက်၊ လှမ်းခိုက်ရုပ်သဘာဝသည် လွှတ်ခိုက်သို့ မရောက်၊ လွှတ်ခိုက်ရုပ်သဘာဝသည် ချခိုက်သို့ မရောက်၊ ချခိုက်ရုပ်သဘာဝသည် နင်းခိုက်သို့ မရောက်၊ နင်းခိုက်ရုပ်သဘာဝသည် တစ်ဖက်ခြေကြွခိုက်သို့ မရောက်မူ၍ ထိုထိုခဏ၌သာ အဆစ်အဆစ် အပိုင်းအပိုင်း အကန့်အကန့် အပြတ်အပြတ်ဖြစ်လျှက် ပျက်စီးသွားသောကြောင့် အနိစ္စ ဒုက္ခ အနတ္တ သဘောဟု ခြေလှမ်းတိုင်း၌ ရှုသိရုံမျှဖြင့်ပင် သိမြင်သဘောကျ၏။(ကြွ၊ ဆွဲ၊ လှမ်း၊ လွှတ်၊ ချ၊ နင်း)ဖြစ်ပေါ်လာတိုင်းသော အမူအရာကို ရှုမှတ်၍ ဤသို့ ရှင်းလင်းစွာ သိမြင်လျှင် သမ္မသနဉာဏ်ခေါင်ထိပ်သို့ ရောက်၏၊ ဥဒယဗ္ဗယဉာဏ်၏ အစသို့ ရောက်၏ ဟု မှတ်အပ်၏။

**၃။ အာဟာရမယတော = အာဟာရမယရှုနည်း**

အာဟာရကြောင့်ဖြစ်သောရုပ်သည် ဆာလောင်မွတ်သိပ်ခြင်းအခိုက်၊
အစာဝခြင်းအခိုက်ဟု နှစ်မျိုးရှိ၏။

**၄။ ဥတုမယတော = ဥတုမယရှုနည်း**

ဥတုကြောင့်ဖြစ်သောရုပ်သည် ပူသောအခိုက်၊ အေးသောအခိုက် ဟု နှစ်မျိုးရှိ၏။

**၅။ ကမ္မဇတော = ကမ္မဇရှုနည်း**

ကမ္မဇရုပ်သည် ဒွါရ (၆)ပါးဖြင့် ဆင်ခြင်မှ ထင်ရှားသည်၊

စက္ခုဒွါရ၌ စက္ခုဒသကကလာပ်၊ ကာယဘာဝဒသကကလာပ်၊ ဘာဝဒသကကလာပ်(၃) စည်း၊ ကမ္မဇရုပ်(၃၀)၊ ယင်းတို့ကို ထောက်ပံ့သော ဥတုဇ၊ စိတ္တဇ၊ အာဟာရဇအဋ္ဌကလာပ်(၃) စည်း(ရုပ်-၂၄)၊ ရုပ်ပေါင်း (၅၄)ပါး ထင်ရှား၏။

သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရတို့၌လည်း ထို့အတူ ကလာပ်စည်း(၆)၊ ရုပ်ပေါင်း (၅၄)ပါးစီ ထင်ရှားကြ၏။

ကာယဒွါရ၌ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်(၂)စည်း၊ စိတ္တဇအဋ္ဌကကလာပ်၊ ဥတုဇ၊ အာဟာရဇအဋ္ဌကကလာပ်(၃)စည်း၊ ရုပ်ပေါင်း (၄၄)ပါး ထင်ရှား၏။

မနောဒွါရ၌ကား ဟဒယဝတ္ထုဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသက ကလာပ် (၃) စည်း၊ အမြဲအရံအားဖြင့် စိတ္တဇ၊ ဥတုဇ၊ အာဟာရဇအဋ္ဌကကလာပ် (၃)စည်း ရုပ်ပေါင်း (၅၄)ပါး ထင်ရှား၏။

စက္ခုဒွါရ၌ဖြစ်သော ရုပ်ပေါင်း(၅၄)ပါးတို့သည် သောတဒွါရသို့ မရောက် ဤစက္ခုဒွါရ၌သာ ချုပ်ပျောက်ကြသောကြောင့် အနိစ္စ ၊ ဒုက္ခ ၊ အနတ္တသဘောတို့ ဖြစ်ကြ၏။

**၆။ စိတ္တဇတော = စိတ္တဇရှုနည်း**

စိတ္တဇရုပ်သည် စိတ်ကြည်လျှင် ဝမ်းမြောက်သောရုပ်

စိတ်မကြည်လျှင် ဝမ်းနည်း နလုံးမသာသောရုပ်တို့ဖြစ်ကြ၏၊

**ဇီဝိတံ အတ္တဘာဝေါစ၊ သုခဒုက္ခာစ ကေဝလာ။**

**ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။**

အသက်၊ ကိုယ်ကောင်ဟုထင်ရသော ရုပ်နာမ်တရားများ၊ ချမ်းသာမှု၊ ဆင်းရဲမှု ဤအားလုံးသည် ငါကောင်လဲ မဟုတ်၊ မြဲလဲ မမြဲ၊ သူ့အကြောင်းအားလျော်စွာဖြစ်ပျက်နေသော သက်သက်သီးခြား သဘောတရားမျှသာဖြစ်ကြ၏။ စိတ်တစ်ချက် တစ်ချက်မျှအတွင်း၌သာ တည်နိုင် အသက်ရှင်နိုင် သောကြောင့် အသက်ရှင်ရာခဏသည် အလွန်ပင် လျှင်မြန်တိုတောင်းလှ၏။

**အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တျ ဒဿနံ။**

**ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။** (မဟာနိဒ္ဒေသ၊ ၃၃၊ ဋ္ဌ ၊ ၁၃၁)

သင်္ခါရတရားတို့သည် မမြင်ရသောအရပ်မှ အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာကြ၏၊ ဖြစ်၍ပျက်ပြီးသော သင်္ခါရတရားတို့သည် မမြင်ရသောအရပ်သို့ ရောက်ကြ၏၊ ကောင်းကင်၌ လျှပ်စီးလက်သကဲ့သို့ အစက ဘာမှမရှိဘဲလျက် အသစ်လဲ ဖြစ်ပေါ်ကြ၏၊ အကြွင်းအကျန် မရှိဘဲ ကွယ်လဲ ကွယ်ပျောက်ကြ၏။

**၇။ ဓမ္မတာရူပတော = ဓမ္မတာရုပ်ရှုနည်း**

ဓမ္မတာရုပ်ဟူသည် ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဇီဝိတိန္ဒြေနှင့် မစပ်သောကြောင့် အနိန္ဒြိယ ဗဒ္ဓဖြစ်သော အဝတ် ဖျာ အိုးခွက် မြေ ရေ လေ မီး တုံး တိုင် သစ်ပင် ကျောက်ခဲ ရွှေ ငွေ အစရှိသော သက်မဲ့ ရုပ်တရားတို့ ဖြစ်ကြ၏။

## နာမသတ္တက = နာမ်တို့၌ နလုံးသွင်းပုံ (၇)ပါး

**(ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၆၁)**

နာမ်တို့၌ နလုံးသွင်းပုံသည်

၁။ ကလာပရှုနည်း၊ ၂။ ယမကရှုနည်း၊ ၃။ ခဏိကရှုနည်း၊

၄။ ပဋိပါဋိရှုနည်း၊ ၅။ ဒိဋ္ဌိဥဂ္ဃါဋနရှုနည်း ၆။ မာနသမုဂ္ဃါဋနရှုနည်း

၇။ နိကန္တိပရိယာဒါနရှုနည်း ဟူ၍ (၇)ပါး ရှိ၏။

**၁။ ကလာပရှုနည်း**

ရူပသတ္တကဌ ရုပ်တရားအစုသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုသိခဲ့သောစိတ်ကိုပင် အနိစ္စ ဒုက္ခ အနတ္တ ဟု သိမြင်သဘောကျခြင်းဖြစ်၏။

**၂။ ယမကရှုနည်း**

ရုပ်တစ်မျိုးမျိုးကို ရှုမှတ်၍ပြီးတိုင်း ထိုရှုသိစိတ်ကိုပင် တဖန် အနိစ္စ ဒုက္ခ အနတ္တ ဟု သိမြင် သဘောကျခြင်းဖြစ်၏။

ရုပ်တစ်ကြိမ် ရှုသိစိတ် (နာမ်) တစ်ကြိမ်အားဖြင့် အစုံအစုံတွဲ၍ ရှုမှုဖြစ်သောကြောင့် ယမကရှုနည်းဖြစ်၏။

**ကလာပသမ္မသနနည်းနှင့် ယမကသမ္မသနနည်း ထူးခြားချက်**

ရုပ်ကို ရှုသိသော စိတ် သတိ ဉာဏ် သမာဓိ ဝီရိယ ဖဿ စေတနာ ဝေဒနာစသည်တို့တွင် တစ်ခုခုကိုမျှ ရှင်းလင်းစွာ မသိရဘဲ ထိုရှုသိမှု နာမ်တရားတို့ကို သာမန်အပေါင်းလိုက်အားဖြင့်သာ ရှုခြင်းသည် ကလာပသမ္မသနနည်းဖြစ်၏။

ရှုသိမှု၌ပါဝင်သော နာမ်တရားတစ်ခုခုကို ရှင်းလင်းစွာသိရ၍ အထူးထင်ရှားသော ထိုနာမ် တရားကိုပင် ပဓါနပြုလျက် ရှုခြင်းသည် ယမကသမ္မသနနည်းဖြစ်၏။

**မှတ်ချက်။** ။ ဤနာမသတ္တကအရာ၌ စိတ်ကို ရှုသိသည်ဟုဆိုသောစကားမှာ ပြဌာန်းသောစိတ်ကို ခေါင်းတပ်၍ ဆိုသောစကားဖြစ်၏၊ သို့ဖြစ်၍ စိတ်၏ယှဉ်ဘက်ဖြစ်သော ဖဿ ဝေဒနာ စေတနာ သညာ သတိ ဉာဏ် သမာဓိ ဝီရိယ စသော စေတသိက်တို့ကိုလဲ ရှုအပ်သေး၏။

**၃။ ခဏိကရှုနည်း**

ရုပ်တစ်မျိုးမျိုးကို ရှုသိပြီးတိုင်း ထိုရှုသိစိတ်ကို ဒုတိယစိတ်ဖြင့် ရှုသိ၏၊ ထိုဒုတိယစိတ်ကို တတိယစိတ်ဖြင့် ရှုသိ၏၊ ထိုတတိယစိတ်ကို စတုတ္ထစိတ်ဖြင့် ရှုသိ၏၊ ထိုစတုတ္ထစိတ်ကို ပဥ္စမစိတ် ဖြင့် ရှုသိ၏၊ ဤသို့ ရုပ်ကို တစ်ကြိမ်ရှုသိရာ၌ ရှုသိသည့်စိတ် အဆင့်ဆင့်ကို လေးကြိမ်တိုင်တိုင် ဆင့်ကာ ဆင့်ကာ ရှုသိလျက် အနိစ္စ ဒုက္ခ အနတ္တဟု သိမြင်သဘောကျခြင်း ဖြစ်၏။

ရုပ်ကိုရှုသိသောစိတ်မှစ၍ ရှုသိနေသော ရှေးရှေးစိတ်တို့ကို နောက်နောက်သော စိတ်များက ပြန်၍ လေးကြိမ်တိုင်တိုင် ရှုသိနေခြင်းဖြင့် စိတ်တို့၏ အခိုက်အတန့်မျှသာ တည်ပုံကို ထင်ရှားသိမြင်ရ၏၊ ထို့ကြောင့် ဤသို့ ရှုသိခြင်းကို ခဏိကသမ္မသနဟု ခေါ်၏။

**၄။ ပဋိပါဋိရှုနည်း**

ရုပ်တစ်မျိုးမျိုးကို ရှုသိ၍ပြီးတိုင်း ထိုရှုသိသောစိတ်ကို ဒုတိယစိတ်ဖြင့် ရှုသိ၏၊ ထိုဒုတိယ စိတ်ကို တတိယစိတ်ဖြင့် ရှုသိ၏၊ ထိုတတိယစိတ်ကို စတုတ္ထစိတ်ဖြင့် ရှုသိ၏၊ ထိုစတုတ္ထစိတ်ကို ပဥ္စမစိတ် ဖြင့် ရှုသိ၏၊ထိုပဥ္စမစိတ်ကို ဆဋ္ဌမစိတ်ဖြင့် ရှုသိ၏၊ထိုဆဋ္ဌမစိတ်ကို သတ္တမစိတ်ဖြင့် ရှုသိ၏၊ ထိုသတ္တမစိတ်ကို အဋ္ဌမစိတ်ဖြင့် ရှုသိ၏၊ထိုအဋ္ဌမစိတ်ကို နဝမစိတ်ဖြင့် ရှုသိ၏၊ထိုနဝမ စိတ်ကို ဒသမစိတ်ဖြင့် ရှုသိ၏၊ထိုဒသမစိတ်ကို ကောဒသမစိတ်ဖြင့် ရှုသိ၏။

ဤသို့ ရုပ်ကို တစ်ကြိမ်ရှုသိရာ၌ ရှုသိသည့်စိတ်အဆင့်ဆင့်ကို နောက်နောက်သောစိတ်က (၁၀) ကြိမ်တိုင်တိုင် ဆင့်ကာဆင့်ကာရှုသိလျက် အနိစ္စ ဒုက္ခ အနတ္တ ဟု သိမြင်သဘောကျခြင်းသည် ရှုသိမှုများစွာတို့၏ အစဉ်အတန်းလိုက်ဖြစ်သောကြောင့် ပဋိပါဋိရှုနည်းဖြစ်၏။

**၅။ ဒိဋ္ဌုဂ္ဃါဋနရှုနည်း**

ငါသည် ရှုသိနေ၏-ဟုငင်း ရှုသိနေမှုမှာ ငါ-ဟူ၍ငင်း ဤသို့အားဖြင့် ရှုသိနေသည့် ပုဂ္ဂိုလ်၊ အတ္တကောင် ဝိညာဉ်ကောင်ရှိနေသလို ထင်မြင်စွဲလမ်းမှု မကင်းသေးလျှင် ယောဂီပုဂ္ဂိုလ်၏ ရှုသိမှုသည် ထိုသို့ ထင်မြင်စွဲလမ်းမှု ဒိဋ္ဌိကို မခွါနိုင်သောကြောင့် ဒိဋ္ဌုဂ္ဃါဋနမဖြစ်သေး၊ ဒိဋ္ဌိဝိသုဒ္ဓိကင်္ခါဝိတရဏဝိသုဒ္ဓိ(၂)ပါးအားဖြင့် ဒိဋ္ဌိကို ပယ်ခွါခဲ့ပြီးဖြစ်သော်လဲ မဂ်ဖြင့် အကြွင်းမဲ့ မပယ်ရသောကြောင့် ဤသို့သော ဒိဋ္ဌိဖြစ်နိုင်သေး၏။

ငါ- မဟုတ်သည့်၊ အတ္တကောင် ဝိညာဉ်ကောင် မဟုတ်သည့် သင်္ခါရတရားတို့ကသာ ငါ-မဟုတ်သည့်၊ အတ္တကောင် ဝိညာဉ်ကောင် မဟုတ်သည့် သင်္ခါရတရားတို့ကို ရှုသိနေကြသည် ဟု ရှုခိုက်၌ ထင်မြင်သဘောကျနေလျှင် ယောဂီ၏ရှုသိမှုသည် ဒိဋ္ဌိကို ပယ်နှုတ်နိုင်သောကြောင့် ဒိဋ္ဌုဂ္ဃါဋနဖြစ်၏၊ အထူးထက်သန်စွာဖြစ်သော အနတ္တာနုပဿနာပင်တည်း။

ဇဝံ သင်္ခါရေ အနတ္တတော ပဿ ဒိဋ္ဌိသမုဂ္ဃါဋနံ နာမ ဟောတိ။( ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၆၄)

**၆။ မာနသမုဂ္ဃါဋနရှုနည်း**

ငါ ရှုမှတ်နိုင်၏၊ ငါ ရှုတတ်၏ ဟု ထင်မြင်စွဲလမ်းသေးလျှင် ယောဂီ၏ ရှုမှတ်မှုသည် ထောင်လွှားတက်ကြွနေမှုမာနကို မနှုတ်မခွါနိုင်သေးသောကြောင့် မာနသမုဂ္ဃါဋန မဖြစ်သေး၊ မမြဲသည့် သင်္ခါရတရားတို့သည်သာ မမြဲသည့် သင်္ခါရတရားများကို ရှုမှတ် သိမြင်နေကြ၏ ဟု ရှုသိခိုက်၌ ထင်မြင်သဘောကျလျှင် ယောဂီပုဂ္ဂိုလ်၏ ရှုမှတ်မှုသည် မာနကို ပယ်နှုတ်နိုင်သောကြောင့် မာနသမုဂ္ဃါဋနဖြစ်၏၊ အထူးထက်သန်စွာဖြစ်သော အနိစ္စာနုပဿနာပင်တည်း။

အနိစ္စတော ပဿတ္တသ မာနသမုဂ္ဃါဋနံ နာမ ဟောတိ။

**၇။ နိကန္တိက ပရိယာဒါနရှုနည်း**

ကောင်းကောင်း သိမြင်၏၊ ရှုသိမှု ကောင်း၏ ဟု ရှုမှတ်မှုကို သာယာနှစ်သက်လျှင် ယောဂီ၏ ရှုမှတ်မှုသည် တွယ်တာမှုနိကန္တိကို မပယ်နိုင်သောကြောင့် နိကန္တိပရိယာဒါန မဖြစ်သေး၊မပြတ်ဖြစ် ပျက်နေသည့် သင်္ခါရတရားတို့သည်သာ မပြတ်ဖြစ်ပျက်နေသည့် သင်္ခါရတရားများကို ရှုမှတ်သိမြင် နေသည်ဟု ရှုသိခိုက်၌ ထင်မြင်သဘောကျလျှင် ထိုယောဂီ၏ ရှုမှတ်မှုသည် တွယ်တာမှုတဏှာကို ပယ်ဖျောက်ကုန်ခမ်းစေနိုင်သောကြောင့် နိကန္တိပရိယာဒါနဖြစ်၏၊အထူးထက်သန်စွာဖြစ်သော ဒုက္ခာနုပဿနာပင်တည်း။

ဒုက္ခတော ပဿတ္တသ နိကန္တိပရိယာဒါနံ နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၆၄)